## မဂ္ဂင်ဆရာတော်အား မည်သည့်ကျောင်းတွင်မှ သီတင်းမသုံးနိုင်ရန် အာဏာပိုင်များ ဆက်လက်ဖိအားပေး

၃ ဒီဇင်ဘာ ၂၀၀၇

မကြာသေးခင်က အာဏာပိုင်တွေက အမိန့်ပေးဖယ်ရှားတာ ခံခဲ့ရတဲ့ ရန်ကုန်မြို့ သဃ်ာန်းကျွန်း မဂ္ဂင်ကျောင်းက ဆရာတော် ဦးနန္ဒိယကို ဒီကနေ့ အာဏာပိုင်တွေက နောက်ထပ်ဖိအားပေးမှုတွေ ဆက်လုပ်နေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့က သက်တော် ၈၀ ကျော် ဆရာတော်နဲ့ ကျောင်းမှာရှိတဲ့သံဃာတွေကို ဖယ်ရှားလိုက်တဲ့နောက် ဆရာတော်ဟာ ရန်ကုန်မြို့က ရန်ကင်းစိုက်ပျိုးရေးကျောင်းမှာ ယာယီသီတင်းသုံးနေခဲ့တာပါ။ ဒါကို အခုအခါ အာဏာပိုင်တွေက ဒီကျောင်းမှာပါ နေထိုင်ခွင့်မပြုဘဲ ဖယ်ရှားဖို့လုပ်နေတယ်လို့ ဆရာတော်နဲ့ နီးစပ်သူတဦးက အခုလို ပြောပြပါတယ်။

> "ရန်ကင်းစိုက်ပျိုးရေးကျောင်းမှာပဲ ရှိတယ်ခင်ဗျ။ ဒီနေ့အထိပေ့ါ။ ဒီနေ့ နေ့ခင်း သူတို့ပို့မယ်လို့ ကျနော်တို့သတင်းရပါတယ်။ မြို့သစ်ကိုပို့မယ်လို့ သိရပါတယ်။ ဆရာတော်ကိုတော့ ဘယ်သူနဲ့မှ တွေ့ခွင့်မပြုပါဘူး။ အာဏာပိုင်တွေရဲ့အစီအစဉ်နဲ့ပဲ မြို့သစ်မြို့ထိပို့ပေးမယ်လို့ သိရပါတယ်။ သွားမယ် မသွားမယ်ကတော့ အခုထက်ထိ စုံစမ်းလို့မရသေးပါဘူး"

စက်တင်ဘာလတုန်းက ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေနောက်ပိုင်း မဂ္ဂင်ကျောင်းဟာ အနည်းဆုံး ၄ ကြိမ်တိုင်တိုင် အာဏာပိုင်တွေ ဝင်ရောက်စီးနင်းတာကို ခံခဲ့ရတာပါ။ ဒီလိုစီးနင်းမှုတွေအတွင်း မဂ္ဂင်ကျောင်းဆရာတော် ဦးအိန္ဒကကိုလည်း အာဏာပိုင်တွေက ဖမ်းဆီးထိန်းသိမ်းထားပါတယ်။ မဂ္ဂင်ကျောင်းဟာဆိုရင် ရန်ကုန်မြို့မှာ ဆေးဝါးကုသမှုခံယူဖို့ လာရောက်ကြတဲ့ အိပ်ချ်အိုင်ဗွီ၊ အိဒ်စ်ဝေဒနာသည်တွေကို ကူညီစောင့်ရှောက်မှုပေးနေတဲ့ ကျောင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဖမ်းဆီးမှုတွေအတောအတွင်း ဝေဒနာသည်တွေကိုလည်း အာဏာပိုင်တွေက ရွှေ့ပြောင်းခဲ့ပါတယ်။